## စာရေးသူ၏အမှာ

သမိုင်းတစ်လျှောက် များစွာသော နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် တို့ကို ကျွန်တော်တို့ ဖြတ်ကျော်လာခဲ့ကြပြီး ဖြစ်သည်၊ (၁၉၄၅) ခုနှစ် ဒုတိယကမ္ဘာစစ်နောက်ပိုင်း နိုင်ငံရေးတွင် လက်ယာအရင်းရှင်တို့ ပိုမို အားကောင်းလာပြီး (၁၉၉၀) ဆိုဗီယက်ပြည်ထောင်စုကြီး လုံးဝပြိုကွဲသွားသည်မှစ၍ အမေရိကန်တို့ ဦးဆောင်သော ဧကဝင်ရိုးကမ္ဘာကြီး ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ နိုင်ငံရေးတွင် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများ အသွင်အမျိုးမျိုးဖြင့် ပို၍ထင်ရှားလာခဲ့ကြသည်။ အရင်းရှင် ဒီမိုကရေစီ၊ ဆိုရှယ်ဒီမိုကရေစီ၊ လစ်ဘရယ်ဒီမိုကရေစီစသည်ဖြင့်သာ ကွဲပြားခြားနားကြ၏။ ယနေ့ကမ္ဘာ့နိုင်ငံပေါင်း (၂၀၀) ခန့်အနက် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံပေါင်းမှာ သုံးပုံ နှစ်ပုံမကအထိ တိုးတက်လာခဲ့ကြပြီး ထပ်မံ၍ အင်အားကောင်းကောင်းဖြင့် တိုးပွားရန်လည်း အလားအလာ ရှိနေပါသည်။

စနစ်အားလုံး ခြောက်ပစ်မကင်းကြသော်လည်း ဖြတ်သန်းတွေ့ကြုံခဲ့ပြီးသော နိုင်ငံရေးစနစ်များထက် ဒီမိုကရေစီ၏ နှိုင်းမရသော အားသာချက်တစ်ခုမှာ ပြည်သူများ၏ လွတ်လပ်စွာပြောဆိုခွင့်၊ အခြေခံရပိုင်ခွင့်နှင့် အများဆန္ဒဖြင့် အစိုးရတစ်ရပ်ကို ရွေးချယ်တင်မြှောက်နိုင်ခွင့်တို့ ဖြစ်သည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရမှာ အစိုးရသည် ပြည်သူတို့ကို ကောင်းစွာ ကိုယ်စားပြုရခြင်း ဖြစ်၏။ ကိုယ့်နိုင်ငံ၊ ကိုယ့်အနေအထား၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်လူ မျိုး အခြေအနေနှင့် သင့်လျော်သည့် ဒီမိုကရေစီ ဝန်းကျင်တစ်ရပ်ကို သိမ်မွေ့စွာ ဖန်တီးတည်ဆောက်ပေးနိုင်ဖို့သာ လိုအပ်သည်။

ကျွန်တော်တို့ စီးပွားရေးစနစ်များစွာကိုလည်း ဖြတ်သန်းကုန်လွန်ခဲ့ပြီး ဖြစ်ပါသည်၊ ယနေ့ တစ်ကမ္ဘာလုံးနီးပါးမျှ လက်ခံထားသော စီးပွားရေးစနစ်မှာ 'ဈေးကွက်စီးပွားရေး' ဖြစ်သည်။ လုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များနှင့် အစိုး



ရများ၏ သုံးသပ်ချက်အရ (၂၁) ရာစုတွင် ဈေးကွက်စီးပွားရေးစနစ် ပိုမို အားကောင်းလာဦးမည်ဟု အတိအလင်းဆိုထားပါ၏။ ဈေးကွက်စီးပွားရေးတွင်လည်း ဒီမိုကရေစီ နိုင်ငံရေးစနစ်ကဲ့သို့ 'ပို့ကုန်အခြေပြု' 'သွင်းကုန်အခြေပြု' 'ပညာအခြေပြု' စသဖြင့် ကွဲပြားခြားနားလာပြန်ပါသည်။ ကိုယ့်နိုင်ငံ အနေအထားနှင့် သင့်လျော်သော ဈေးကွက်စီးပွားရေးစနစ်ကို မှန်ကန်စွာ ကျင့်သုံးနိုင်ရန်သာ လိုအပ်ပါသည်။

အတိတ်ကာလက ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်တို့တွင်၊ အပြန်အလှန် သဟဇာတ ဖြစ်ခဲ့သည်လည်းရှိသလို တစ်ခုနှင့်တစ်ခု အထောက်အပံ့ မဖြစ်ခဲ့သည်လည်း ရှိခဲ့၏။ မျက်မှောက်ခေတ် အများစု ကျင့်သုံးနေသော နိုင်ငံရေးစနစ် (ဒီမိုကရေစီ) နှင့် စီးပွားရေးစနစ် (ဈေးကွက်စီးပွား) သည်ကား အတိတ်ကာလများကနှင့်မတူ အပြန်အလှန် အကျိုးကျေးဇူးပြုမှု ကောင်းစွာဖြစ်ထွန်းသည်ကို ထင်ရှားစွာ တွေ့ရသည်ဟုဆိုသည်။ ဤအချက်သည် ဤစာအုပ်၏ အနှစ်သာရ ဖြစ်ပေ၏။

ဖြစ်ထွန်းတိုးတက်မှု အားကောင်းလာသော နိုင်ငံရေးစနစ်၏ ဒီမိုကရေစီတွင် လွတ်လပ်ခြင်း၊ အများကို ကိုယ်စားပြုခြင်း၊ ရပိုင်ခွင့်များကို အလေးထားခြင်းစသည်များအပေါ် အခြေခံသကဲ့သို့ စီးပွားရေးစနစ်၏ ဈေးကွက်စီးပွားရေးတွင်လည်း လွတ်လပ်ခြင်း၊ အများကို ကိုယ်စားပြုခြင်း၊ ရပိုင်ခွင့်များကို အလေးထားခြင်းတို့ အားကောင်းစွာ ဖြစ်တည်နေကြောင်း ထပ်တူ တွေ့ရပါသည်။

ဤစာအုပ်၏ မူရင်းအမည်မှာ *"Greater Good"* ဖြစ်ပြီး ***John A.Quelch*** နှင့် ***Katherine E. Jocz*** တို့ ပူးတွဲ ရေးသားခဲ့ကြသည်၊ ဤစာအုပ်တွင် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး၏ အခြေခံတူညီသည့်အချက်များကို ဖော်ပြထားသကဲ့သို့ ကွဲပြားသည့်အချက်အချို့ကိုလည်း ရေးသားထားပါသည်။ ဒီမိုကရေစီ၏ အတွေးအခေါ် အယူအဆတို့ကို ထုတ်ဖော်ထားသကဲ့သို့ ဈေးကွက်စီးပွားရေး၏ အတွေးအခေါ် အယူအဆတို့ကိုလည်း ဖော်ပြထားပါသည်။ အခြေခံအားဖြင့် အနှစ်သာရတူညီမှု များစွာရှိသော ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီတို့၏ အပြန်အလှန် အကျိုးကျေးဇူးပြုမှုများကိုလည်း တွေ့ရပါသည်၊

ရာစုနှစ်အသစ်တွင် ယှဉ်တွဲလျက် အားကောင်းလာသည့် နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်တို့ကို ကိုယ်စားပြုသည့် ဒီမိုကရေစီနှင့် ဈေးကွက် စီး



ပွားသည့် အပြန်အလှန် အကျိုးကျေးဇူးပြုရင်း ပိုမိုကောင်းမွန်သော လူ့ဘောင်သစ်ဆီသို့ ခေါ်ဆောင်သွားမည်ဟူသည့်အချက်သည် ဤစာအုပ်ကပေးလိုသော သတင်းစကား ဖြစ်ပါ၏။ မြန်မာနိုင်ငံတွင်လည်း မကြာမီ ဖော်ဆောင်တော့မည့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မည်သို့သော ဈေးကွက်စီးပွားရေးစနစ်ဖြင့် သဟဇာတပြုရင်း သာလွန်ကောင်းမွန်သော ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ဤစာကိုရေးရခြင်း ဖြစ်ပါသည်။

နေဇင်လတ်